# သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ

# (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၈၉)

၁၃၅၁ ပြည့်နှစ်၊ တပေါင်းလဆန်း ၄ ရက်

(၁၉၈၉ ခုနှစ်၊ မတ်လ ၁၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာ** ဆိုသည်မှာ သွား၊ သွားဖုံး၊ သွားမြစ်ဝန်းကျင်နှင့် ခံတွင်းရောဂါများကို ဆေးဝါးဖြင့် ကုသသည့်အတတ်၊ ခွဲစိတ်ကုသသည့်အတတ်၊ သွားတုတပ်ခြင်းအတတ်၊ သွားပြုပြင်ထိန်းသိမ်းရေးအတတ်၊ မျက်နှာမေးရိုးနှင့် သွားအံဝင်ခွင်ကျဖြစ်စေရန် သွားညှိခြင်းအတတ်နှင့် ပြည်သူများ၏သွားနှင့်ခံတွင်းကာကွယ်ရေးနှင့် ကျန်းမာရေးအတတ်တို့ ပါဝင်သည့် ဆေးပညာကို ဆိုသည်၊

(ခ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီကို ဆိုသည်၊

(ဂ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ ဤဥပဒေအရထားရှိသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်စာရင်းတွင် အမည်စာရင်းရေးသွင်းခြင်းကို ဆိုသည်၊

(ဃ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ ခန့်ထားသော မှတ်ပုံတင်အရာရှိကို ဆိုသည်၊

(င) **သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားပြီးဖြစ်သော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးကိုဆိုသည်။ ယင်းစကားရပ်တွင် ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များ ဥပဒေအရ မှတ်ပုံတင်ထားသူများလည်း ပါဝင်သည်၊

(စ) **ဆေးတက္ကသိုလ်** ဆိုသည်မှာ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊ ဒီဂရီ သို့မဟုတ် ဒီပလိုမာကို ချီးမြှင့်နိုင်သည့် ဆေးတက္ကသိုလ်၊ ဆေးကောလိပ် သို့မဟုတ် ဆေးအတတ်သင်ကျောင်းတစ်ခုခုကို ဆိုသည်။

## အခန်း (၂)
## ကောင်စီဖွဲ့စည်းခြင်း

၃။ (က) အစိုးရအဖွဲ့သည် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီတစ်ခုကို ဖွဲ့စည်းပေးရမည်။ ယင်းကောင်စီတွင် ကောင်စီဝင် ၁၁ ဦးပါဝင်စေပြီး အောက်ပါအတိုင်း ခန့်ထားခြင်း၊ ရွေးကောက်တင်မြှောက်ခြင်း ပြုရမည် -

(၁) အစိုးရအဖွဲ့က ခန့်ထားသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် (၁) ဦး — ဥက္ကဋ္ဌ

(၂) အစိုးရအဖွဲ့က ခန့်ထားသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် (၄) ဦး — ကောင်စီဝင်များ

(၃) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များက မိမိတို့အနက်မှ ရွေးကောက်တင်မြှောက်သူ (၅)ဦး — ကောင်စီဝင်များ

(၄) ဤဥပဒေအရ ခန့်ထားသည့် မှတ်ပုံတင်အရာရှိ — အတွင်းရေးမှူး

(ခ) ကောင်စီသည် ကောင်စီဝင်တစ်ဦးဦးအား ဘဏ္ဍာထိန်းအဖြစ်တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းမရှိလျှင် အတွင်းရေးမှူးက ဘဏ္ဍာထိန်းအဖြစ် ဆောင်ရွက်ရမည်။

၄။ (က) ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင် လေးနှစ်ဖြစ်သည်၊

(ခ) ကောင်စီဝင်များ၏သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီဖြစ်သည်၊

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း ၃ ကြိမ်အထိ ခန့်ထားခံနိုင်ခွင့် သို့မဟုတ် ရွေးကောက်တင်မြှောက်ခံနိုင်ခွင့်ရှိသည်၊

(ဃ) ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ ကောင်စီဝင်အသစ်တစ်ဦးကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အစားထိုးခန့်ထားခြင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ခြင်း ပြုရမည်၊

(င) ပုဒ်မခွဲ (ဃ)အရ အစားထိုးခန့်ထားခြင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်။

၅။ အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်အဖြစ်မှ ရပ်စဲပြီးဖြစ်စေရမည် -

(က) နုတ်ထွက်စာတင်သွင်းခြင်း၊

(ခ) ကောင်စီ၏ခွင့်ပြုချက်မရရှိဘဲ ကောင်စီအစည်းအဝေးတက်ရောက်ရန် တစ်ဆက်တည်း သုံးကြိမ်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီ၏ ခွင့်ပြုချက်မရရှိဘဲ ပြည်ပသို့ ခြောက်လထက်ကျော်လွန်၍ ထွက်ခွာသွားခြင်း၊

(ဃ) မှတ်ပုံတင်ပယ်ဖျက်ခံရခြင်း။

## အခန်း (၃)
## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ (က) ကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာနက ခွင့်ပြုသော ဝန်ထမ်းဦးရေနှင့် သတ်မှတ်သော လစာနှုန်းများအရ ကောင်စီရုံးအဖွဲ့ကို ဖွဲ့စည်းရမည်၊

(ခ) ကောင်စီသည် မှတ်ပုံတင်အရာရှိတစ်ဦးကို ကျန်းမာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခန့်ထားပြီး၊ ကျန်ဝန်ထမ်းများကို ကောင်စီ၏ဆုံးဖြတ်ချက်ဖြင့် ခန့်ထားရမည်၊

(ဂ) ကောင်စီသည် မှတ်ပုံတင်အရာရှိ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးရမည်။

၇။ (က) ကောင်စီသည် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသူအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ရန် ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်၊

(ခ) ကောင်စီသည် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးအား မှတ်ပုံတင်ထားခြင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီပယ်ဖျက်နိုင်သည်၊

(ဂ) ကောင်စီသည် မှတ်ပုံတင်ရန် ငြင်းပယ်ထားသော သို့မဟုတ် မှတ်ပုံတင်ပယ်ဖျက်ထားသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါက ပြန်လည်မှတ်ပုံတင်ခွင့် ပြုနိုင်သည်၊

(ဃ) ဆေးတက္ကသိုလ်တစ်ခုခုမှ ဘွဲ့၊ ဒီဂရီ၊ သို့မဟုတ် အယ်လ်ဒီအက်စ် ဒီပလိုမာအောက်နိမ့်ကျသော လက်မှတ်ရသူများက သွားနှင့်ခံတွင်းဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကောင်စီက စည်းကမ်းချက်များ သတ်မှတ်နိုင်သည့်အပြင် ယင်းသို့လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုသည့် လက်မှတ်ကိုလည်း ကောင်စီကထုတ်ပေးနိုင်သည်။

၈။ ပုဒ်မ ၇ ပါကိစ္စများနှင့်စပ်လျဉ်း၍ -

(က) ကောင်စီသည် လိုအပ်လျှင် ကောင်စီဝင် ၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးနိုင်သည်၊

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာနှင့် စစ်ဆေးချက်များကို စိစစ်ပြီး ကောင်စီက ဆုံးဖြတ်ရမည်။

၉။ (က) ကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များနှင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊ ဒီဂရီများကို နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည်၊

(ခ) ကောင်စီသည် နိုင်ငံခြားတိုင်းပြည်များမှ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များနှင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊ ဒီဂရီနှင့် ဒီပလိုမာများကို အသိအမှတ်ပြုနိုင်သည်။

၁၀။ ကောင်စီသည် ပုဒ်မ ၉ ပါ အပြန်အလှန် အသိအမှတ်ပြုရေးကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဆေးတက္ကသိုလ်တွင် သင်ကြားပို့ချသည့် ပညာရပ်များကို အရည်အချင်း ပြည့်မီစွာ သင်ကြားပို့ချနိုင်သည့် အခြေအနေရှိ မရှိ ဆုံးဖြတ်နိုင်ရန် လိုအပ်သည့် အစီရင်ခံစာများနှင့် အခြားအချက်အလက်များကို တောင်းခံနိုင်သည့်အပြင် ထိုဆေးတက္ကသိုလ် တစ်ခုခုက ပြုလုပ်သော စာမေးပွဲဆိုင်ရာကိစ္စများကို ဆောင်ရွက်ရန် ကောင်စီဝင်တစ်ဦးကို ဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ တာဝန်ပေးစေလွှတ်နိုင်သည်။

၁၁။ ကောင်စီ၏အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များနှင့်ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

## အခန်း (၄)
## မှတ်ပုံတင်ခြင်း

၁၂။ မည်သူမဆို ဤဥပဒေအရ မှတ်ပုံတင်ပြီးမှသာ အခကြေးငွေယူ၍ဖြစ်စေ၊ စေတနာ့ဝန်ထမ်းဖြစ်စေ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာကို အသုံးချဆောင်ရွက်ခွင့် ရှိသည်။

၁၃။ အောက်ပါပုဂ္ဂိုလ်များသည် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ်မှ မှတ်ပုံတင်ခွင့်ရရန် လျှောက်ထားခွင့်ရှိသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆေးတက္ကသိုလ်တစ်ခုခုမှ ဘီဒီအက်စ်ဘွဲ့ရရှိပြီးနောက် ကျန်းမာရေးဝန်ကြီးဌာန၏ သက်မှတ်ထားချက်နှင့်အညီ အလုပ်သင်ဆရာဝန်အဖြစ် တစ်နှစ်တာမျှ တာဝန်ထမ်းဆောင်ပြီးသူများ၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသည့် ပြည်ပဆေးတက္ကသိုလ်တစ်ခုခုမှ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့ သို့မဟုတ် အယ်လ်ဒီအက်စ် အောက်မနိမ့်ကျသော ဒီပလိုမာရရှိပြီးနောက် ကောင်စီက လိုအပ်သည်ဟု ယူဆလျှင် ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ထားချက်နှင့်အညီ အလုပ်သင်ဆရာဝန်အဖြစ် တစ်နှစ်တာမျှ တာဝန်ထမ်းဆောင်ပြီးသူများ။

၁၄။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း အထောက်အထား ခိုင်လုံလျှင် ပုဒ်မ ၁၃ အရ မှတ်ပုံတင်ခွင့်ရရန် လျှောက်ထားသူအား အမြဲတမ်းဖြစ်စေ၊ သတ်မှတ်သော ကာလအပိုင်းအခြားထိဖြစ်စေ မှတ်ပုံတင်ရန် ငြင်းဆိုနိုင်သည် -

(က) အကျင့်စာရိတ္တ ပျက်ပြားရာရောက်သည်ဟု ဤကိစ္စအလို့ငှာ ကောင်စီက သတ်မှတ်ကြေညာထားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

(ခ) ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မဖွယ်မရာ ပြုကျင့်ကြောင်း ခိုင်လုံသည့် အထောက်အထားရှိခြင်း၊

(ဂ) ကိုယ်အင်္ဂါချွတ်ယွင်းမှုကြောင့်ဖြစ်စေ၊ အခြားရောဂါဝေဒနာတစ်ခုခုကြောင့်ဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာကို မှန်ကန်စွာ အသုံးချနိုင်မှုအခြေအနေမရှိခြင်း၊

(ဃ) မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ခြင်း၊

(င) ဤကိစ္စအလို့ငှာ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ကြေညာထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျိုးစီးပွား ထိခိုက်နစ်နာစေမှု တစ်ခုခုကို ကျူးလွန်ခဲ့ခြင်း။

၁၅။ ပုဒ်မ ၁၄ ပါ အချက်တစ်ရပ်ရပ်အပြင် အောက်ပါ အချက်တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ် မှတ်ပုံတင်ထားခြင်းမှ အမြဲတမ်းဖြစ်စေ၊ သတ်မှတ်သော ကာလအပိုင်းအခြားထိဖြစ်စေ ပယ်ဖျက်ရမည် -

(က) သေဆုံးသွားခြင်း၊

(ခ) မိမိသဘောအလျောက် မှတ်ပုံတင်ပယ်ဖျက်ခွင့်ပြုရန် လျှောက်ထားခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာကို အသုံးချဆောင်ရွက်လုပ်ကိုင်မှု မပြုတော့ခြင်း။

၁၆။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည့် လျှောက်ထားသူအား မှတ်ပုံတင်ခွင့်ပြုရမည်၊

(ခ) မှတ်ပုံတင်ခွင့်ရသူသည် ကောင်စီက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးငွေကို ပေးသွင်းရမည်၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ်တစ်စောင်ကို မှတ်ပုံတင်ခွင့်ရသူအား ထုတ်ပေးရမည်၊

(ဃ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် အသစ်လဲလှယ်ခြင်းကို လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

၁၇။ (က) ဆေးတက္ကသိုလ်တစ်ခုခုမှ ဘွဲ့၊ ဒီဂရီ သို့မဟုတ် အယ်လ်ဒီအက်စ် ဒီပလိုမာ အောက်နိမ့်ကျသော လက်မှတ်ရသူများသည် သွားနှင့်ခံတွင်းဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားခွင့်ရှိသည်၊

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားသူသည် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ကိုက်ညီပါက ထိုသူအား သွားနှင့်ခံတွင်းဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် လက်မှတ်ထုတ်ပေးနိုင်သည်။

## အခန်း (၅)
## အယူခံခြင်း

၁၈။ ကျန်းမာရေးဝန်ကြီးဌာနသည် ဤဥပဒေပါကိစ္စအလို့ငှာ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အယူခံအဖွဲ့ကို ဖွဲ့စည်းရမည် -

(က) ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးက တာဝန်ပေးအပ်သူ — ဥက္ကဋ္ဌ

(ခ) ကျန်းမာရေးဝန်ကြီးဌာန၊ သွားကျန်းမာရေးအကြီးအကဲ — အဖွဲ့ဝင်

(ဂ) ကောင်စီဥက္ကဋ္ဌ — အဖွဲ့ဝင်

၁၉။ (က) ဤဥပဒေအရ ကောင်စီ၏ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် အယူခံအဖွဲ့ကို ရက်ပေါင်း ၉၀ အတွင်း အယူခံဝင်နိုင်သည်၊

(ခ) အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၆)
## ပြစ်ဒဏ်များ

၂၀။ မည်သူမဆို သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မဟုတ်ဘဲ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အယောင်ဆောင်လျှင်ဖြစ်စေ၊ မိမိ၏အမည်ရှေ့တွင် "ဒေါက်တာ" သို့မဟုတ် "ဆရာဝန်" ဟု ရေးသားဖော်ပြလျှင်ဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦးကဲ့သို့ ပြုမူ လုပ်ကိုင်ဆောင်ရွက်လျှင် ဖြစ်စေ ၅နှစ်အထိ ထောင်ဒဏ်အပြင် ကျပ် ၅၀၀၀ အထိ ငွေဒဏ် ချမှတ်ခြင်းခံရမည်။

၂၁။ မည်သူမဆို ဆေးတက္ကသိုလ်တစ်ခုခုမှ ဘွဲ့၊ ဒီဂရီ သို့မဟုတ် ဒီပလိုမာ ရပြီးဖြစ်သော်လည်း ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ သို့မဟုတ် ပုဒ်မ ၁၇ အရ ခွင့်ပြုသည့် လက်မှတ်မရှိဘဲ အခကြေးငွေယူ၍ဖြစ်စေ၊ စေတနာ့ဝန်ထမ်းဖြစ်စေ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာကို အသုံးချလုပ်ကိုင်ဆောင်ရွက်လျှင် ၃ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၇)

## အထွေထွေ

၂၂။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့် ကောင်စီပိုင် တံဆိပ်တစ်ခုရှိသော တရားဝင်အဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့အမည်ဖြင့် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

၂၃။ ဤဥပဒေပါ ဖွဲ့စည်းသော အယူခံအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များသည် အစိုးရအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သော ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် အယူခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆီလျော်သလို လိုက်နာဆောင်ရွက်ရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ ကောင်စီကဖြစ်စေ လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၂၅။ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များ ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။